# သန့်ရှင်းသောအိမ်ထောင်စုပွဲနေ့

ရှင်လုကာ ၂း၄၁ - ၅၂

လူ့လောကမှာ အရေးပါဆုံး အချက် (၂)ချက်ကတော့ အသက်ရှင်ချင်တယ်၊ နောက်တစ်ခုက ချစ်ချင်တယ်။ ဒီနှစ်ခုက ပိုက်ဆံနဲ့ ဝယ်ယူလို့မရပါဘူး။ လူတိုင်း အသက်ရှင်ချင်ကြတယ်၊ ဘယ်သူမျှ မသေချင်ကြပါဘူး။ ထာဝရအသက်ရှင်နေချင်ကြတယ်။ ဟုတ်ပါပြီ၊ အမြဲတမ်း အသက်ရှင်နေချင်တယ်ဆိုပေမဲ့ တစ်ချို့လူတွေ ပြောသံကြားဖူးမှာပေါ့၊ "အမလေး၊ အသက်မရှင်ချင်တော့ဘူး၊ သေချင်လှပါပြီ" လို့ ကြုံဖူးမှာပါ။ ချစ်စရာ၊ ခင်စရာ၊ အားကိုးစရာအချစ် မရှိမှတော့ ဘာလို့ အသက်ရှင်နေအုံးမှာလဲ။ ရှင်နေစရာအကြောင်း မရှိတော့ဘူး။ ကိုယ့်ကိုယ်ကို သတ်သေတဲ့လူတွေအကြောင်းလည်း ကြားဖူးမှာပါ။

ကျနော် ကြုံဖူးတယ်၊ အသိုင်းအဝိုင်းက အဖက်လုပ် မပေါင်းသင်းချင်လို့ ဝိုင်းပယ်ခံရသူတွေ၊ အချစ်မခံရသူတွေ၊ မိတ်ဆွေသူငယ်ချင်းမရှိသူတွေ၊ အထီးကျန်ဆန်နေသူတွေက ပြောကြတယ် "ငါ့ဘဝကို အဆုံးစီရင်တော့မယ်၊ အဆုံးသတ်ချင်တော့တယ်။" တဲ့။ ချစ်ခြင်းမရှိမှတော့ ဘာလို့အသက်ရှင်နေအုံးမှာလဲ။ အသက်တော့ ရှင်နေပါသေးရဲ့၊ ဒါပေမဲ့ ဘယ်သူကမျှ မချစ်ကြဘူး။

ဘာသာသူတို့ ငရဲမှာ နေရတဲ့ဒုက္ခက အဲဒါမျိုးကို ပြောတာ၊ ငရဲမှာက အသက်တော့ ရှင်နေပါရဲ့ ဒါပေမဲ့ ဘယ်သူကမျှ မချစ်ကြဘူး။ ချစ်ခြင်းမေတ္တာမရှိဘဲ အသက်ရှင်နေရတာက ငရဲရောက်နေတာနဲ့ အတူတူပဲ။

လူ့ဘဝမှာ အသက်နဲ့ ချစ်ခြင်းမေတ္တာကို အိမ်ထောင်စုထဲက လက်ဆင့်ကမ်း သင်ကြားပေးတဲ့နေရာ၊ တွေ့ကြုံစေတဲ့အဓိကနေရာပါပဲ။ သင့်မိသားစုဟာ ယေဇုး၊ မာရီယား၊ ဇူဇယ်တို့ သန့်ရှင်းသောအိမ်ထောင်စုလို ဖြစ်ကြရင် ချစ်ခြင်းမေတ္တာထားကြလို့

အသက်ရှင်ရတာ ပျော်တယ်၊ အဓိပ္ပါယ်ရှိတယ်။ ယနေ့ ကမ္ဘာက အသက်ကို တန်ဖိုးမထားကြတော့ဘူး၊ မကြိုက်ရင် ရှင်းပစ်လိုက်ဆိုတာချည်းပဲ။ အိမ်ထောင်စုတွေလည်း အဆင်မပြေတာလေး ကြုံရင် ကွာရှင်းပစ်နေကြတာပါပဲ။ အချစ်ရဲ့အဓိပ္ပါယ်ကို နားမလည်ကြတော့ဘူး။ ပေးဆပ်ရမှာ/ အနစ်နာခံကြရမှာကို မလိုလားကြတော့ဘူး။ ရှင်ရတဲ့ရည်ရွယ်ချက်ကိုက ချစ်ဖို့ပါပဲ၊ ဒါဟာ ကျနော်တို့အတွက် ဘုရားရဲ့အစီအမံပါပဲ။ ဘုရား ဖန်ဆင်းထားတာက အချစ်နဲ့ပြည့်ဝတဲ့ အသက်တာ ဖြစ်ဖို့ပါပဲ။ ပုဂ္ဂိုလ်သုံးပါးလိုပေါ့။ အချစ်နဲ့ ပေါင်းစပ်နေပါတယ်။ လူက ဒါမှ အသက်ရှင်ရတဲ့ရည်ရွယ်ချက်၊ အသက်ရှင်ရတဲ့အဓိပ္ပါယ်ကို ကောင်းကောင်းသိမြင်နိုင်မှာပါ။ ဒါကို မျက်ကွယ်ပြုရင် ဘဝမှာ အရာရာက ဘာမျှ အဓိပ္ပါယ်မရှိတော့ဘူး။

ဘုရားရဲ့အသက်တာထဲမှာ ပါဝင်စေဖို့ လူကို ဖန်ဆင်းထားတာလေ။ ဘုရားရဲ့အသက်တာဆိုတာ **အချစ်နဲ့ ရှင်သန်နေတဲ့အသက်တာ** ကို ပြောတာပါ။ ဒါကြောင့် ရှင်ယောဟန်က "ချစ်ခြင်းမေတ္တာရှိသောသူသည် ဘုရားသခင်ကို သိ၏။ ချစ်ခြင်းမေတ္တာမရှိသောသူသည် ဘုရားသခင်နှင့် မသက်ဆိုင်" လို့ ရေးထားတာပေါ့။

မိသားစုအဖွဲ့အစည်းဆိုတာ အနည်းဆုံး (၃)ယောက်ရှိရပါတယ်။ နှစ်ယောက်ထဲဆို လင်နဲ့မယားလို့ပဲ ခေါ်မှာ။ တစ်ချို့ လင်မယားတွေက သားသမီးမလိုချင်ကြဘူး။ သူတို့ ပြောကြတာက "လူ့လောကမှာ မွေးလာကတည်းက ဒုက္ခများတယ်။ ဒါကြောင့် ငါတို့ရဲ့သားသမီးတွေကို ငါတို့လို ဒုက္ခများတဲ့လောကကြီးထဲ ဆွဲမသွင်းချင်ဘူး။ ဒါကြောင့် ကလေးမယူတာ" လို့ ပြောကြတာပဲ။ ဒါဟာ တစ်ကိုယ်ကောင်းဆန်တဲ့စိတ်ထားပါ။ လူတိုင်း ဒုက္ခရှိကြတာပဲ၊ သခင်ယေရှုလည်း ဒုက္ခရှိတာပဲ။ ဒါပေမဲ့ အဲဒီဒုက္ခတွေကို ချစ်လို့ ခံထမ်းရင် ဒုက္ခက ပျော်စရာဖြစ်သွားပါတယ်။ ချစ်ခြင်းမရှိရင် ဒုက္ခက

ဝန်ထုတ်ဝန်ပိုး ဖြစ်သွားပါတယ်။ ဒါကြောင့် မိဘတွေက သားသမီးအတွက် ဒုက္ခခံပေးရရင် သိတ်ပျော်ကြတယ်။ သူတို့လေးတွေ တိုးတက်လာတာ၊ ဘုရားလို ချစ်တတ်လာတာကို ကြည့်ပြီး အမောပြေရပါတယ်။

ဘာကြောင့် လူငယ်သားသမီးလေးတွေက အိမ်မှာ မပျော်ပဲ အပြင်မှာ ပျော်ချင်ကြတာလဲဆိုတော့ အိမ်မှာ အချစ်မခံရလို့ပါ။ နားလည်မှု မပေးကြလို့ပါ။ ငါတို့ ကောင်းရင် အိမ်က လက်ခံတယ်၊ ငါတို့ မကောင်းရင် အိမ်က လက်မခံဘူး၊ ငေါက်ငမ်းဆဲဆိုကြတယ်လေ။ ဟုတ်တယ်လေ။ အိမ်မှာ ပျော်နေရင် ဘယ်သူက အပြင်ထွက်ချင်မှာလဲ။ အိမ်မှာ အချစ်ခံရရင်၊ ဘာပဲဖြစ်ဖြစ်လက်ခံကြိုဆိုနေရင် သားသမီးက ပြောင်းလဲတယ်။ "ငါလည်း တစ်နေ့ အမေ့လို ချစ်တဲ့တတ်သူဖြစ်အောင် ကြိုးစားမယ်၊ အဖေ့လို စိတ်ရှည်သည်းခံတတ်ပြီး ပေးဆပ်တဲ့သူဖြစ်အောင် ကြိုးစားမယ်လို့ ဖြစ်လာမှာပေါ့။ မိဘတွေက ရန်ဖြစ်နေရင် သားသမီးတွေက ကယ်ရာမရဖြစ်နေရပါတယ်။ ဘုရားရဲ့အချစ်ကို မမြင်နိုင်ပေမဲ့ မိဘရဲ့အချစ်ကိုမြင်ရတဲ့သားသမီးတွေအတွက်တော့ ဘုရားရဲ့အချစ်ကို မြင်ရပြီပေါ့။ ဘုရားရဲ့အချစ်တွေကို လက်တွေ့မြင်ရတဲ့နေရာက အိမ်ထောင်စု ဖြစ်ရမယ်။ ဘုရားက ငါတို့ကို ဘယ်လိုချစ်သလဲဆိုတာ မိသားစုထဲမှာ တွေ့ကြုံခံစားမိစေရမယ်။

ဒါကြောင့် တစ်ချို့လင်မယားတွေက သားသမီးမရလေ ကောင်းလေ၊ လူနည်းလေ ကောင်းလေ။ ငါတို့ဝင်ငွေတွေကို ငါတို့နှစ်ယောက်ပဲ သုံးရတာပေါ့။ သားသမီးတွေမွေးမှ ပိုက်ဆံ ကုန်နေလိမ့်အုံးမယ် လို့ ခံယူထားပါတယ်။ ဥပမာ - သင့်မွေးနေ့ကို လူ (၃) (၄)ယောက်နဲ့ပဲ ကျင်းပတာထက် လူအများကြီးက လာရောက်ကျင်းပတာက ဘယ်ဟာပို ပျော်စရာကောင်းသလဲ။ ဒီလိုပါပဲ သင်က ချစ်တတ်ရင် လူတွေကို သင်နဲ့အတူရှိဖို့ ရနိုင်သလောက် ခေါ်သွင်းတော့မှာပါပဲ။ ကိုယ့်ကိုယ်ကိုသာ ချစ်တဲ့လင်မယားက သားသမီး မယူကြတာပါ။

ကိုယ့် လင်နဲ့မယားမှာ ဘုရားရဲ့အချစ်ကို ခံစားမိရင် အခြားသူတွေဖြစ်တဲ့ သားသမီးလေးတွေကိုပါမွေးပြီး ကိုယ်တို့အချစ်ထဲ ခေါ်သွင်းတာပါ။ ဥပမာ - သင်က ဝတ်စောင့်ပွဲတက်ရတာ ဘုရားအချစ်ကို ခံစားမိရင် အခြားသူတွေကိုရော ဝတ်စောင့်ပွဲတက်ဖို့ ခေါ်ခဲ့မှာပဲ မဟုတ်ဘူးလား။ မိသားစုမှာ တစ်ယောက်ကိုတစ်ယောက် ချစ်ရင် တစ်ချိန်လုံး သူ့အကြောင်း စဉ်းစားပြီး သူပျော်အောင် ဘာကျွေးရင် ကောင်းမလဲ၊ ဘာပေးရင်ကောင်းမလဲ။ သူ့အတွက် ဘယ်လိုစီစဉ်ထားရင် ကောင်းမလဲ၊ ဒါပဲ တစ်ချိန်လုံး စဉ်းစားမိနေတာပါပဲ။

ပျော်ရွှင်ခြင်းဆိုတာ ဒါပဲ။ ကိုယ်တစ်ယောက်ထဲ ပျော်တာဟာ တကယ့်ပျော်ရွှင်ခြင်း မဖြစ်နိုင်ဘူး။ ကိုယ့်ကြောင့် အများကပျော်မှ ဒါကို ကိုယ်က ပီတိဖြစ်ပြီး/ ကျေနပ်ပြီးမှ ပျော်ရတာပါ။ ဒါကြောင့် ပုဂ္ဂိုလ်သုံးပါး ပျော်နေတယ်ဆိုတာ တစ်ကိုယ်ရေတစ်ကာယ ကြိတ်ပျော်နေတာမျိုး မဟုတ်ပဲ ပုဂ္ဂိုလ်သုံးပါးလို အသိုင်းနဲ့ အဝိုင်းနဲ့ စိုစိုပြေပြေ ပျော်နေတာကိုမှ တစ်ကယ့်ပျော်ရွှင်ခြင်းလို့ ခေါ်ပါတယ်။

မိသားစုအသိုင်းအဝိုင်းဟာ အပြင်လောကအသိုင်းအဝိုင်းလို မဖြစ်ရပါဘူး။ အပြင်လောကအသိုင်းအဝိုင်းကို ကြည့်ပါ၊ ကိုယ့်အတွက် အသုံးဝင်ရင် သူကို တန်ဖိုးထားမယ်၊ ကိုယ့်အတွက် အသုံးမဝင်ရင် သူ့ကို တန်ဖိုးမထားတော့ဘူး၊ ပယ်မယ်။ အသင်းတော်ရဲ့သဘောထားကတော့ လူတိုင်းဟာ အသုံးကျသည်ဖြစ်စေ/ သုံးမရသည်ဖြစ်စေ လူတိုင်းက တန်ဖိုးရှိတယ်။ လူတိုင်းကို ဘုရားသခင်ရဲ့ ရွှေပုံသဏ္ဌာန်တော်အတိုင်း ဖန်ဆင်းထားလို့ တန်ဖိုးရှိပြီးသားပါ။ လောကမှာ လှတဲ့လူမှ၊ တော်တဲ့လူမှ၊ ချမ်းသာတဲ့လူမှ လူရာဝင်ကြတာပါ၊ လက်ခံကြတာပါ။ မိသားစုထဲမှာ အဲ့လိုစိတ်ထားမျိုး မရှိရပါဘူး။ တန်ဖိုးထားကြရမယ်။ လေးစားကြရမယ်။ တစ်ယောက်အတွက်တစ်ယောက် ပေးဆပ်ကြရပါမယ်။ ယေဇူး၊ မာရီယား၊ ဇူဇယ်တို့လို သန့်ရှင်းသောအိမ်ထောင်စုလိုပေါ့။ ဒါဆိုရင်

သင့်အိမ်ထောင်စုက ကမ္ဘာပေါ်မှာ အပျော်ဆုံးအကောင်းဆုံးနေရာ၊ နေချင်စရာအကောင်းဆုံးနေရာ ဖြစ်လာပါလိမ့်မယ်။

နားဆင်သူအားလုံး ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။